Australian Human Rights Commission

RACISM. IT STOPS WITH ME

# အချက်အလက်မှတ်တမ်း

## အပြည်ပြည်ဆိုင်ရာ လူမျိုးရေးခွဲခြားဆက်ဆံမှု ပပျောက်ရေးနေ့ (IDERD) - *ညီညွတ်ခြင်း' မှ ဖွဲ့စည်းပုံနှင့် စနစ်အရ လူမျိုးရေးခွဲခြားဆက်ဆံရေး ဝါဒ ဖုံးဖိထားပုံ*

### အဓိကအသေးစိတ်အချက်အလက်များ

မတ်လ 21 ရက်နေ့သည် ဩစတြေးလျ၌ 'ညီညွတ်ခြင်းနေ့' အဖြစ်သိရှိကြသည့် အပြည်ပြည်ဆိုင်ရာ လူမျိုးရေးခွဲခြားဆက်ဆံမှု ပပျောက်ရေးနေ့ (IDERD) ဖြစ်ပါသည်။ သို့သော် ဤနေ့ရက်၏ ပကတိအဓိပ္ပါယ်ကို 'ညီညွတ်ခြင်း' တည်းဟူသော မျက်နှာဖုံးအောက်တွင် ဖုံးကွယ်ထားခြင်းသည် လူဘောင်အဖွဲ့အစည်းအတွင်း၌ မထင်မရှားပျံ့နှံ့စိမ့်ဝင်လျက် ဖွဲ့စည်းပုံနှင့် စနစ်အရ လူမျိုးခွဲခြားဆက်ဆံရေးဝါဒကြောင့် ကျွန်ုပ်တို့ စုပေါင်းဆောင်ရွက်သော လူမျိုးခွဲခြားဆက်ဆံရေးဝါဒဆန့်ကျင်တိုက်ဖျက်ရေး ခရီးကို ထိခိုက်စေပါသည်။ ဤအချက်အလက်စာရွက်တွင် အကြောင်းရင်းကို ရှင်းပြထားပါသည်။

### IDERD ၏ နိုင်ငံတကာသမိုင်းမှတ်တမ်း

1960 ခုနှစ် မတ်လ 21 ရက်နေ့တွင် တောင်အာဖရိကနိုင်ငံ Sharpesville မှ ရဲများသည် 1952 ခုနှစ် ဖြတ်သန်းသွားလာခွင့် ကန့်သတ်ထားသော အက်ဥပဒေကို တုံ့ပြန်သောအနေဖြင့် ငြိမ်းချမ်းစွာဆန္ဒပြနေသော လူမျိုးရေးခွဲခြားမှုဆန့်ကျင်သူများကို ပစ်ခတ်ခဲ့ပါသည်။ ဥပဒေမှ ခွဲခြားဆက်ဆံခြင်းကို ကျင့်သုံးရန်နှင့် သွားလာလှုပ်ရှားမှုကို ကန့်သတ်ရန် ရည်ရွယ်ထားသည့် 'dompas' ဟု အမည်ရှိသော ပြည်တွင်းသွားလာခွင့်လက်မှတ်တစ်မျိုးဖြစ်သော 'ဖြတ်သန်းသွားလာခွင့်စာအုပ်' ကို အသက် 16 နှစ်ကျော်သော တောင်အာဖရိက နိုင်ငံသား လူမည်းများအနေဖြင့် အချိန်တိုင်းကိုင်ဆောင်ထားရမည်ဟု ပြဋ္ဌာန်းခဲ့ပါသည်။ dompas ကို ကိုင်ဆောင်လာရန်မေ့ကျန်ခဲ့သော တောင်အာဖရိကလူမည်းများသည် ဖမ်းဆီးပြီး ထောင်ချခြင်းကို တွေ့ကြုံခဲ့ကြရသည်။ ဖြတ်သန်းသွားလာခွင့်ကန့်သတ်ထားသော ဥပဒေသည် တောင်အာဖရိကတွင် စနစ်တကျလူမျိုးရေးအခြေပြုဖိနှိပ်မှု ပြဋ္ဌာန်းရန် အခြားသော လူမျိုးရေးခွဲခြားဆက်ဆံသည့် ပြဋ္ဌာန်းချက်ဥပဒေများနှင့် ပေါင်းဖက်၍ လုပ်ဆောင်ခဲ့သည်။

ထိုနေ့တွင် Sharpesville မှ များစွာသောဆန္ဒပြသူများသည် dompas မပါဘဲ ရဲစခန်းများသို့ ရောက်ရှိလာကပြီး လူမျိုးအပေါ်အခြေပြု၍ ခွဲခြားဆက်ဆံမှုမပြုရန်နှင့် လွတ်လပ်စွာသွားလာခွင့်ပေးရန် ၎င်းတို့၏ လူ့အခွင့်အရေးများကို တောင်းဆိုကြသည်။ အစီအစဉ်တကျစီမံထားသော ငြိမ်းချမ်းစွာဆန္ဒပြခြင်းသည် ရဲများမှ ကံမြို့သန်မာသောလူ 7000 ရှိသောလူအုပ်စုကြီးကို ပစ်ခတ်ဖို့ခြင်းရာတွင် 69 ယောက်သေဆုံးပြီး 180 ဒဏ်ရာရရှိကာ ဝမ်းနည်းကြေကွဲဖွယ်ရာအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

19 နှစ်ကြာပြီးနောက်မှာ ကုလသမဂ္ဂ (UN) အထွေထွေ ညီလာခံပွဲမှ လူမျိုးရေးခွဲခြားခြင်းဝါဒနှင့် လူမျိုးရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုကို ဆန့်ကျင်ခဲ့သော လူများနှင့် အတူရပ်တည်သည့်သတင်းပတ်နှင့် မတ်လ 21 ရက်နေ့မှစ၍ ရက်သတ္တတပတ်ကြာ ပေါင်းစည်းညီညွတ်မှုကို ဖြေရှင်းပေးခဲ့ပြီး IDERD ဟူသော စကားရပ်ကိုထွင်ကာ နှစ်စဉ်ကျင်းပခဲ့ကြသည်။

ထိုအချိန်မှစ၍ ဩစတြေးလျအစိုးရမှ 1975 ခုနှစ်တွင် တရားဝင်အတည်ပြုခဲ့သည့် လူမျိုးရေးခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာကွန်ဗင်းရှင်း ၏ လမ်းညွှန်မှုဖြင့် နိုင်ငံတကာအသိုက်အဝန်းတွင် လူမျိုးခွဲခြားဆက်ဆံရေးဝါဒကို ဆန့်ကျင်တိုက်ခိုက်ရန် မူဘောင်တစ်ခု တည်ဆောက်ပေးခဲ့သည်။ ဤအရာမှ ဩစတြေးလျ၏ ပထမဆုံးသော လူမျိုးရေးခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေးဥပဒေဖြစ်သည့် 1975 ခုနှစ် လူမျိုးရေးခွဲခြားဆက်ဆံမှုဆိုင်ရာ အက်ဥပဒေ (Cth)ကို ဖြစ်ပေါ်စေခဲ့ပါသည်။

သို့သော်လည်း ဩစတြေးလျအပါအဝင် တစ်ကမ္ဘာလုံး၌ များစွာသောလူများ၊ အသိုက်အဝန်းများနှင့် လူ့ဘောင်အဖွဲ့အစည်းများသည် လူ့ဘောင်အဖွဲ့အစည်းအတွင်း၌ ပျံ့နှံ့စိမ့်ဝင်လျက်ရှိသော ဖွဲ့စည်းပုံနှင့် စနစ်အရ လူမျိုးခွဲဆက်ဆံရေးဝါဒ နှစ်ရပ်လုံး၏ တရားမျှတမှုမရှိခြင်းနှင့် အဆိုးမြင်မှုကို ခံစားနေကြရသည်။

IDERD သည် နေရာအနှံ့အပြားမှလူများအား လူမျိုးခွဲဆက်ဆံရေးဝါဒနှင့်ပတ်သက်၍ ၎င်းတို့၏ သဘောထားများ အားကောင်းလာပြီး စည်းလုံးမှုရှိအောင် လှုံ့ဆော်အားပေးရန်၊ လူမျိုးရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုနှင့် တရားမမျှတမှုပုံစံသရုပ်သကန်အမျိုးမျိုးတို့ကို ဆန့်ကျင်၍ ဆော်ဩစည်းရုံးရန်နှင့် ပြောင်းလဲမှုကို မဟာဗျူဟာရေးဆွဲရန် ဩဇာရှိသောယာဉ်တစ်ခုအဖြစ် ဆက်လက်ရှိနေသေးသည်။

## ဩစတြေးလျ၌ 'ညီညွတ်ခြင်းနေ့' ပေါ်ပေါက်ခြင်း

1998 ခုနှစ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားရေးရာ ဌာနမှ လူမျိုးရေးအပေါ် ဩစတြေးလျနိုင်ငံသားတို့၏ အပြုအမူသဘောထားနှင့်ပတ်သက်၍ ပထမဆုံး နိုင်ငံတော်အဆင့် စစ်တမ်းကောက်ခံရန် Eureka မဟာဗျူဟာမြောက် သုတေသနကို စတင်ဆောင်ရွက်ခဲ့ပါသည်။

ဤအချက်မှ အစိုးရအနေဖြင့် ဩစတြေးလျလူ့ဘောင်အဖွဲ့အစည်းသည် အခြေခံအားဖြင့် ညီညွတ်မှုရှိကြောင်းနှင့် ဤညီညွတ်မှုသည်ပင်လျှင် အောင်ပွဲအတွက် အကြောင်းတရားဖြစ်သင့်ကြောင်း ယုံကြည်ချက်ကိုတည်ဆောက်ရန် ထောက်ခံအကြံပြုသောအစီရင်ခံစာကို ဖြစ်စေခဲ့သည်။

1999 ခုနှစ်မှစ၍ ဩစတြေးလျအစိုးရသည် လူမျိုးရေးခွဲခြားဆက်ဆံမှုကို တွန်းလှန်နေကြသောသူများနှင့် အတူ ရပ်တည်သည့်နေ့မှ စည်းလုံးညီညွတ်မှုကို အောင်ပွဲခံသည့်နေ့နှင့် 'ညီညွတ်ခြင်းရက်သတ္တပတ်' အဖြစ်သို့ IDERD ကို တံဆိပ်သစ်ခတ်နှိပ်ပေးခဲ့သည်။

ဤဘောင်ခတ်မှုနှင့်အတူ ဩစတြေးလျနိုင်ငံ၌ ဟိုးယခင်ကတည်းက လူအများအပြားတွေ့ကြုံခံစားခဲ့ရသည့် စနစ်အရလူမျိုးရေးခွဲခြားဆက်ဆံမှုကို ထိရောက်စွာဖုံးဖိထားခဲ့ပါသည်။ ဤရွှေ့လျားမှုမှ ယနေ့ဩစတြေးလျနိုင်ငံကို ထူးခြားသည့် သွင်ပြင်လက္ခဏာကိုဆောင်စေရန် လူမျိုးခွဲခြားဆက်ဆံရေး ဝါဒကို ငြင်းပယ်ရန် သိသိသာသာ အထောက်အကူဖြစ်ခဲ့ပါသည်။

## ညီညွတ်ခြင်းနေ့နှင့်ဆက်နွှယ်သည့် ပြဿနာ

ညီညွတ်မှုကိုမှတ်တွင်ဆောင်ရွက်ခြင်းက မကြာမီဆယ်စုနှစ်များအတွင်းက ဩစတြေးလျနိုင်ငံရှိ မူဝါဒနှင့် နိုင်ငံရေးကို ထူးခြားစေခဲ့ပါသည်။ 'ညီညွတ်ခြင်း' ဟူသော အတွေးအခေါ်သည် အကောင်းဖက်အပြုသဘောဆောင်သော သတင်းစကားဖြစ်ပမေ့ IDERD ကို ဆောင်ရွက်မည့် ဤချဉ်းကပ်မှုနှင့်ဆက်နွှယ်နေသည့် ပြဿနာတစ်ခုမှာ ညီညွတ်မှုရှိသော ဩစတြေးလျလူ့ဘောင်အဖွဲ့အစည်းကို ဆန့်ကျင်သကဲ့သို့ မြင်နိုင်သဖြင့် လူအများအား လူမျိုးခွဲခြားဆက်ဆံရေးဝါဒအကြောင်း ပြောဆိုခြင်းကို အဟန့်အတားဖြစ်စေနိုင်သည်။

ဤအထိမ်းအမှတ်ပွဲကို 'ညီညွတ်ခြင်းနေ့/ရက်သတ္တပတ်' ဟု ခေါ်ဆိုခြင်းသည် လူမျိုးခွဲခြားဆက်ဆံမှုဝါဒကြောင့် ရပ်ရွာအသိုက်အဝန်းများ တွေ့ကြုံခံစားနေရသည့် အန္တရာယ်ကို ထုတ်ဖော်ဖြေရှင်းရန် အားထုတ်မှုများကို လျှော့ပါးစေသဖြင့် ကျွန်ုပ်တို့စုပေါင်းဆောင်ရွက်သော လူမျိုးခွဲခြားဆက်ဆံရေးဝါဒဆန့်ကျင်တိုက်ဖျက်ရေးအပေါ် အန္တရာယ်ဖြစ်စေပါသည်။

ဩစတြေးလျနိုင်ငံ၏ လူမျိုးရေးနှင့် လူမျိုးခွဲခြားဆက်ဆံရေးဝါဒနှင့် ဆက်နွယ်နေသည့် နက်နဲသောပြဿနာများကို အဓိပ္ပါယ်ရှိရှိအသိအမှတ်ပြုရန်၊ ကျွန်ုပ်တို့လူ့ဘောင်အဖွဲ့အစည်းကို ပုံသွင်းနေသော အမျိုးမျိုးသောလူမျိုးခွဲခြားဆက်ဆံရေးဝါဒကို မေးခွန်းမေးရန်နှင့် လူမျိုးခွဲခြားဆက်ဆံရေးဝါဒ ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကျွန်ုပ်တို့၏ သန္နိဋ္ဌာန်ကို ဆထက်ထမ်းပိုးပြုလုပ်ရန် IDERD သည် အခွင့်အလမ်းတစ်ခုဖြစ်ပါသည်။ သို့မှသာ ကျွန်ုပ်တို့သည် စစ်မှန်သောတရားမျှတမှုနှင့် တန်းတူညီမျှမှုရှိပြီး အားလုံးတို့၏ အခြေခံအခွင့်အရေးများနှင့် လွတ်လပ်မှုများကို အသိအမှတ်ပြုသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ကို တည်ထောင်နိုင်မည်ဖြစ်သည်။

## IDERD အနီးရှိ အဓိပ္ပါယ်ရှိသော လူမျိုးခွဲခြားဆက်ဆံရေးဝါဒ ဆန့်ကျင်တိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ရန် အကြံပြုချက်များ

'ညီညွတ်ခြင်းရက်သတ္တပတ်' သည် လူမျိုးခွဲခြားဆက်ဆံရေးဝါဒ ဆန့်ကျင်တိုက်ဖျက်ရေးကို ပြန်လှည့်ရှောင်ရန် ဘာသာစကားအရ အသုံးပြုနိုင်သည့် ဥပမာတစ်ခုဖြစ်သည်။ ညီညွတ်ခြင်းဘာသာစကားသည် မမျှတမှုကို အားပေးရန်နှင့် ရှိရင်းစွဲကို ဆက်လက်ထိန်းသိမ်းထားရန် သက်ရောက်စေသည်။

ကျွန်ုပ်တို့အားလုံးမှာ လူမျိုးခွဲခြားဆက်ဆံရေးဝါဒကို ဆန့်ကျင်ရန်နှင့် လည်ပတ်နေသော အမျိုးမျိုးသောနည်းလမ်းများကို မေးခွန်းမေးရန် တာဝန်ရှိပါသည်။

လူမျိုးခွဲခြားဆက်ဆံရေးဝါဒ ဆန့်ကျင့်တိုက်ဖျက်ရေး ခရီးလမ်းတွင် သင်မည်သည့်နေရာတွင် ရှိသည်ဖြစ်စေ [Racism. It Stops With Me website](#) သည် လူမျိုးခွဲခြားဆက်ဆံရေးဝါဒအကြောင်း ပိုမိုလေ့လာပြီး ပြောင်းလဲမှုဖန်တီးရန်အတွက် အကောင်အထည်ဖော်ဆောင်ရန် နေရာတစ်ခုဖြစ်သည်။

လူမျိုးခွဲခြားဆက်ဆံရေးဝါဒ၏ သရုပ်မှန်နှင့် အန္တရာယ်များကို အသိအမှတ်ပြုပြီးပြောင်းလဲမှုအတွက် မဟာဗျူဟာရေးဆွဲလျက် – ညီညွတ်ခြင်းနေ့၏ သမိုင်းမှတ်တမ်းနှင့် IDERD ၏ မူလရည်ရွယ်ချက်များနှင့်ဆက်နွယ်သော အကြံပြုထားသည့် စာများပါသည့် ဤစာရင်းကို အတူတကွထည့်သွင်းပေးထားပါသည်။

- Sydney Morning Herald တွင် Queensland လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် Scott McDougall ရေးသားသည့် [လူမျိုးခွဲခြားဆက်ဆံရေးဝါဒကို ဖုံးဖိထားရန် ညီညွတ်ခြင်းနေ့ကို အသုံးမပြုသင့်ပါ](#)
- New York Times တွင် Yan Zhuang ရေးသားသည့် [ညီညွတ်ခြင်းနေ့နှင့် ဩစတြေးလျ၏ လူမျိုးခွဲခြားဆက်ဆံရေးဝါဒဆိုင်ရာ ထူးဆန်းသော သမိုင်းမှတ်တမ်း](#)
- ABC တွင် Erwin Renaldi ရေးသားသည့် [ညီညွတ်ခြင်းရက်သတ္တပတ်၊ သို့သော် လူမျိုးခွဲခြားဆက်ဆံရေးဝါဒ လက်တွေ့ရှိမည်သို့ဆိုလိုသည်ကို ဆွေးနွေးကြစို့](#)
- The Conversation တွင် Peter Anderson ရေးသားသည့် [အလုပ်ခွင်မှ လူမျိုးခွဲခြားဆက်ဆံရေးဝါဒ – ဩစတြေးလျအဖွဲ့အစည်းများအတွက် လူမျိုးခွဲခြားဆက်ဆံရေးဝါဒ ဆန့်ကျင်တိုက်ဖျက်ရေးခေါ်သံ](#)